
ဖိုးကျား
ကျားနာမျက်ကန်း
သန်းမြွေသစ်
လူသတ်ကောင် အဏ္ဏဝါမှဆိုး

# ဤစာအုပ်အတွက် ဆရာဖိုးကျော့၏ အမှာ စာ

တစ်နေ့မနက်တွင် ဆရာသန်းဆွေသစ် ကျွန်တော့်ရုံးခန်းသို့ရောက်လာသည် ။ သူက ထိုင်ပင် မထိုင်သေး "ဆရာ့အိမ်ကို ကျွန်တော်ရောက်ခဲ့တယ်၊ ဆရာရုံးသွားတယ်ဆိုလို့ လိုက်လာတာ"ဟု သူက အရင်ပြောသည် ။

"ထိုင်လေဗျာ၊ ဘာကိစ္စပါလိမ့်၊ အရေးကြီးလား"

"အရေးကြီးတယ်ရယ်တော့ မဟုတ်ပါဘူး၊ ဆရာ့ကို ကျွန်တော် ဝတ္ထုဇာတ်လမ်းတစ်ပုဒ် ကိုယ်တွေ့ကို ပြောပြချင်လို့ ပါ"

သူက ထိုင်ရင်းဆိုသည် ။

"ဟာ .. မဟုတ်တာ၊ ခင်ဗျားလည်း စာရေးဆရာပဲ၊ ဘာပြောပြနေစရာလိုလဲ၊ ရေးပေါ့ဗျ၊ ခင်ဗျား ခုလည်း စာရေးနေတာ ကျွန်တော်တွေ့သားပဲ"

သန်းဆွေသစ်မှာ စာပေဗိမာန်စာမူဆုတွေရဖူးသလို မဂ္ဂဇင်းများ နှင့် ရွှေမြန်မာဂျာနယ်တွင် အခန်းဆက်"ဘဲငါးရာတောင်၏ လျှို့ဝှက်ချက်"ဝတ္ထုရှည်ကြီးရေးနေသည် ကိုသိသဖြင့် ပြောလိုက်သည် ။

"ဟဲ .. ဟဲ .. လိုင်းက ဆရာရေးတတ်တဲ့ မုဆိုးဆန်ဆန်လိုင်းမို့

ရေးရင် ဘယ့်နှယ်နေမလဲ ပြောပြချင်လို့ ပါ၊ ကျွန်တော်ကိုယ်တိုင် မော်တော်ဘုတ်ထောင်ခဲ့တုန်းက ကိုယ်တွေ့မို့ပါ"

"ဘယ်လိုမှ တော့ မအောက်မေ့နဲ့ ၊ ဒီလက ကျွန်တော်တို့ အသင်း ဘတ်ဂျက်ရီးယားလဆိုတော့ ခင်ဗျားဇာတ်လမ်းပြောပြတာကို ကျွန်တော်နားထောင်ပေးဖို့ အချိန်မရလို့ ပါ၊ ဘဲရီး ဆောရီး တောကြီး မြိုင်လယ်ပါခင်ဗျာ"

"ဟင်း .. ဟင်း .. ဆရာကတော့လုပ်ပြီ၊ မကြာပါဘူး ဆရာရယ်၊ လက်ဖက်ရည်တိုက်ပါ့မယ်၊ ကျွန်တော်ရေးရမှာ မဝံ့မရဲဖြစ်နေလို့ ပါ"

ကျွန်တော်နောက်နေမှန်းသိသဖြင့် သူက ထပ်ဆင့်တစ်ခါ ထပ်ပြောပြန်သည် ။

"အေး ... ကောင်းပြီ၊ လက်ဖက်ရည်တိုက်မယ်ဆို လုပ် လိုက်လေ ကြာသလားလို့ "

"ကဲ ဒါဆို လာ ထ သွားကြမယ်"

"ဘယ်ကိုလဲ"

"လက်ဖက်ရည်ဆိုင်ကိုလေဗျာ"

"လက်ဖက်ရည်သောက်ချင်တာများ ဆိုင်သွားနေရမလားဗျ၊ ခင်ဗျားက ကျွန်တော့်ဆီလာတယ် ဆိုတော့ ကျွန်တော်တိုက်ရမှာ ပေါ့၊ ထိုင်စမ်းပါ၊ ကဲ .. ပြော၊ ခင်ဗျား မဟုတ်က ဟုတ်ကတွေ လန်ကြုတ် လုပ်ပြီး ဘာပြောမလဲ၊ ပြော နားထောင်ကြည့်မယ်"

"လန်ကြုတ်မဟုတ်ပါဘူး ဆရာရယ်၊ တကယ့်ကိုယ်တွေ့ပါဆို၊ ကျွန်တော်ကိုယ်တိုင် ပစ်ခဲ့တာ"

"အေးပါ၊ အေးပါ၊ ဒီလိုပဲပြောကြတာပဲ"

ဟု ပြောပြီး ကျွန်တော်က ရုံးအဖွဲ့မှူးကို လက်ဖက်ရည်ဝယ်ခိုင်းလိုက်သည် ။ သူက ကိုယ်တွေ့ဆို သောဇာတ်လမ်းကို ပြောပြ၏။ သူ့ဇာတ်လမ်းပြီးသောအခါ ကျွန်တော်က ပြောသည် ။

"ခင်ဗျားဇာတ်လမ်းက ကောင်းပါတယ်၊ ခင်ဗျားပြောသလောက်သာ ရေးတတ်ရင်တော့ အိုကေပဲ၊ ကဲ .. ပြန်တော့၊ ရေးတော့၊ လက်ဖက်ရည်လည်း သောက်ပြီးပြီ"

"အဲဒါ တစ်ခုက ကျွန်တော့်စာမူ လုံးချင်းပဲထုတ်ချင်တယ် ဆရာ၊ ထုတ်ဝေသူလည်း ဆရာပဲ ရှာပေးပါ ပြောချင်လို့ "

"လုပ်လာပြန်ပြီ၊ ခင်ဗျားအတွက် ထုတ်ဝေသူဆိုတာက ခင်ဗျား ဘယ်လောက်ကောင်းအောင် ရေးနိုင်မလဲ၊ အဲဒီအပေါ်မှာ ပဲ မူတည်တယ်၊ စောစောက ကျွန်တော်ပြောပြီးပြီလေဗျာ၊ ခင်ဗျား ပြောသလောက်သာ ရေးနိုင်မယ်ဆိုရင် ထုတ်ဝေသူမရှားပါဘူး၊ ရှာပေးပါ့မယ်၊ ခင်ဗျား အကြောင်းအရာ သိပ်ကောင်းတယ်၊ ကျွန်တော်လည်း ကြိုက်တယ်၊ အဲဒီတော့ ပြန်တော့၊ ရေးတော့"

"တစ်ခုပြောပါရစေဦး ဆရာသမားရယ်"

"လုပ်လာပြန်ပြီ၊ တစ်ခု မဟုတ်ဘူး ၊ ခင်ဗျားဇာတ်လမ်းတစ်ပုဒ်လုံးတောင် ပြောပြီးပြီလေဗျာ၊ ကျွန်တော်လည်း ကြိုက်တယ်၊ ရေးပါဆို၊ ထုတ်ဝေသူရှာပေးပါ့မယ်၊ ဘာလိုသေးလို့ လဲ"

"ဒီလိုဆရာရေ၊ ကျွန်တော်က ဆရာနဲ့ တွဲထုတ်ချင်လို့ ပါ၊

အမှတ်တရလည်း ဖြစ်အောင်လို့ ပါ"

"ဘာလဲ၊ ခင်ဗျားက ကျွန်တော်နဲ့ ပညာပြိုင်ချင်တဲ့ သဘောလား"

"အမလေး .. လေး ..၊ မဟုတ်ရပါဘူး ဆရာရေ၊ ထိုင်ရှိခိုးဆို ခိုးပါ့မယ်၊ ဒီလိုသဘောမဟုတ်ရပါ ဘူး၊ ဘုရားပေးပေး ကျမ်းပေးပေးပါ၊ မဂ္ဂဇင်းဂျာနယ်တွေမှာ ရေးနေတယ်ဆိုပေမယ့် လုံးချင်း လူသစ် တစ်ယောက်ကို စာဖတ်သူတွေက ဝယ်ဖတ်ဖို့ စာအုပ်အငှားဆိုင်ကို ဝယ်တင်ဖို့ ဆိုတာ ဘယ်လွယ် လိမ့်မလဲ ဆရာရေ၊ အဲဒါကြောင့် ပထမဦးအနေနဲ့ ဆရာ့ကလောင်ကိုအားပြုပြီး တွဲထုတ်ချင်လို့ ပါ"

"ခင်ဗျား အရင်တစ်ခါပြောသွားတော့ ရွှေဘော်ကျွန်းက ခုဂျာနယ်ဝတ္ထုရော၊ နောက်လုံးချင်း တစ်အုပ်ပါထုတ်မလို့ စရန်ငွေလည်း ထိုက်ထိုက်တန်တန်ပေးထားပြီဆို၊ သူတို့ တိုက်ကို ပေးလိုက်ပါ လား"

"ခု ရွှေမြန်မာဂျာနယ်ဝတ္ထုက ကြာဦးမယ်လေဆရာ၊ အဲဒါကြောင့် ခု ဆရာ့ကိုပြောပြတဲ့ ဝတ္ထုကို ပွဲဦးထွက်သဘောပေ့ါဆရာရေ အရင်ထုတ်ချင်လို့ ပါ"

"ရေးတောင်မရေးရသေးတဲ့ ဥစ္စာ ဘယ်လိုလုပ် အရင်ထုတ်လို့ ရမလဲ၊ ခင်ဗျားရေးပြီး ကျွန်တော် လည်း ဖတ်ကြည့်ရဦးမယ်လေ၊ ဒီမှာ ဟေ့လူ၊ အပြောကောင်းတဲ့ လူတွေကို ကျွန်တော် အများကြီးတွေ့ဖူး တယ်၊ ဝတ္ထုဇာတ်ကြောင်းပြောပြတုန်းကတော့ သိပ်ကောင်းတယ်၊ ရေးလာတော့ ကချလာ သုံးမရဘူး၊ အဲဒါကြောင့် ခင်ဗျားကို မြန်မြန်ရေးဖို့ ပြောတာ"

"ဟဲ .. ဟဲ ... ဒီမှာ ပါဆရာ၊ ရေးပြီးသားကို ပါလာပါတယ် ဆရာ၊ ဆရာဖတ်ပြီး ဆရာကြိုက် ကြိုက် မကြိုက်ကြိုက် ထုတ်ဝေသူရှာပေးဖို့

က ဆရာ့တာဝန်ပဲနော် ဟဲ .. ဟဲ ..."

ဆရာသန်းဆွေသစ်က ထိုသို့ပြောပြီး သူ့လွယ်အိတ်ထဲက သူ့စာမူကိုထုတ်ပေးသည် ။

"ခင်ဗျား တော်တော်လည်တဲ့ လူလည်ပဲ၊ အစကတော့ ဇာတ်ကြောင်းပြောပြမယ်၊ နောက်တော့ ထုတ်ဝေသူရှာခိုင်းတယ်၊ ရေးလာပေးပါဆိုတော့ ခု စာမူထုတ်ပေးတယ်၊ ခင်ဗျားစာမူကို ဖတ်လည်း မဖတ်ဘူး၊ ထုတ်ဝေသူလည်း ရှာမပေးနိုင်ဘူး၊ ပြန်သာယူသွားတော့"

"ဆရာက ဆင်ဆရာဆိုတော့ ဆင်ကျုံးသွင်းသလို တဖြည်းဖြည်းသွင်းတဲ့ သဘောပါခင်ဗျာ၊ ဆရာဖတ်ပြီး ဆရာ့ကိုပဲ အပ်ထားခဲ့ပါမယ်၊ စောစောကပြောသလို ဆရာကြိုက်ကြိုက် မကြိုက်ကြိုက် ထုတ်ဝေသူရှာပေးဖို့ ကတော့ ဆရာ့တာဝန်ဖြစ်သွားပြီနော်၊ လက်ဖက်ရည်လည်း သောက်ပြီးပြီ၊ ခဏ ခဏလည်း နှင်နေတော့ ကျွန်တော်မျိုး ပြန်ပါတော့မယ်ခင်ဗျာ၊ ခွင့်ပြုပါဦး"

ကျွန်တော် နောက်လိုက်မှန်းသိသဖြင့် သူကလည်း နောက်တောက်တောက်နှင့် မတ်တတ်ထပြီး အလေးပြုသည် ။

သူပြန်သွားတော့ ကျွန်တော် သူ့စာမူကိုဖတ်ကြည့်သည် ။ သူက ပြောသလောက်တော့ ရေးနိုင်သူ ပင်။ ထို့ကြောင့် ကျွန်တော့်စာဖတ်ပရိသတ်အား မှာ ချင်ပြောချင်သည် မှာ ဖိုးကျော့ဝတ္ထုကို ဖတ်ပြီးလျှင် ဆရာသန်းဆွေသစ်၏ ဝတ္ထုကိုလည်း ဆက်ဖတ်ကြည့်ကြပါ။ ဖိုးကျော့ထက် မတော်တောင် ဖိုးကျော့ လောက်မည့်ဆိုသည် ကိုတော့ ကျွန်တော် ရဲရဲကြီးအာမခံရဲပါသည် ။

ထို့ကြောင့် ဤစာအုပ်သာမဟုတ်၊ ဆရာသန်းဆွေသစ်၏ နောက်လုံးချင်းစာအုပ်များ ထွက်လာပါ ကလည်း ဝယ်ယူအားပေး ဖတ်ကြည့်ကြပါဦးဟု ။

**ဖိုးကျော့**